# သခင့်စကား

ဝိညာဉ်ရေးစာစောင်

သူ့ကိုတဖန် ငါ ဖြားယောင်းမည်၊ တောလမ်းဖြင့် ပို့ဆောင်သော်လည်း နှစ်သိမ့်စေသော စကားကို ပြောမည်၊ ဟောရှေ ၂း၁၄

အမှတ်စဉ် (၇၇) ဧပြီလ ၂၀၀၅ ခုနှစ် စမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )


# အစာရှောင်ခြင်း



မဿဲ ၁၇း၁–၈

တချို့ ခရစ်ယာန် ဂိုဏ်းဂန အသင်းတော်များတွင် လွန်ခဲ့သော မတ်လသည် ဝါတွင်း **(Lent)** ဟုသတ်မှတ်၍ အစာရှောင်ခြင်း၊ အလှူဒါနပြုခြင်း၊ စွန့်ကြဲပေးကမ်းခြင်း၊ ခြိုးခြံခြင်း၊ ဝတ်ပြုခြင်း၊ စသည်ဖြင့် ဥပုသ်သီလ ကောင်းမှု ကုသိုလ် ဆောက်တည်ကြပါသည်။

ဤနှစ် ဝါတွင်း **(Lent)** သည် ဖေဖော်ဝါရီလ ၁၃ရက်နေ့ တနင်္ဂနွေနေ့ မှစ၍ သခင်ဘုရား အသေခံတော်မူရာနေ့ **(Good Friday)** အထိ အရက်လေးဆယ် လုံးလုံးဖြစ်ပါသည်။

## ၁။ ရက် လေးဆယ်။

ရက် လေးဆယ် သည် အရေးပါသောကာလ၊ ဘုရားသခင် သီးခြား ကန့်သတ်ထားသောကာလ ဖြစ်ပါသည်။

(က) မဿဲ ၄း၂။ "ယေရှုသည် အရက် လေးဆယ်ပတ်လုံး အစာ အာဟာရကို မသုံးဆောင်ဘဲ နေပြီးမှ –––" သခင်ယေရှု ကိုယ်တော်တိုင် မာရ်နတ်၏ စုံစမ်းနှောက်ယှက်ခြင်း ခံဘို့ရန် တောထဲသို့ ဝိညာဉ်တော် ပို့ဆောင်သောအခါ အရက်လေးဆယ် လုံးလုံး အစာရှောင်ခဲ့ပါသည်။

(ခ) ထွက် ၃၄း၂၈။ "ထိုအရပ်မှာ မောရှေသည် အစာကိုမစား၊ ရေကို မသောက်ဘဲ၊ အရက် လေးဆယ်ပတ်လုံး ထာဝရဘုရား အထံတော်၌ – –" မောရှေသည် ပညတ်တော်ဆယ်ပါးကို ဘုရားသခင်ထံမှ ခံယူရန် ဘုရားသခင်နှင့် တွေ့ဆုံရချိန်မှာ အရက်လေးဆယ်ပတ်လုံး လုံးလုံး အစာ ရှောင်ခဲ့ပါသည်။

(ဂ) ၃ရာ ၁၉း၈။ "– – ထိုအစာ အာဟာရကို အမှီပြုလျက်၊ အရက် လေးဆယ် ခရီးသွား၍ ဘုရားသခင်နှင့် ဆိုင်သော ဟောရပ်တောင် – –" ပရောဖက် ဧလိယသည် အရက် လေးဆယ် အစာ မစားဘဲ ဘုရားသခင် စေစားသည့် နေရာကို ဘုရားသခင် နှင့်တွေ့ဆုံရန် ခရီးသွားခဲ့ပါသည်။

ဤ အကြောင်းအရာကို ဆင်ခြင် စဉ်းစားသည့်အခါ အစာရှောင်ခြင်း၏ နက်နဲခြင်းကိုပါ စဉ်းစားမိပါသည်။ အောက်ပါ အပိုဒ်(၃)တွင် ဆက်လက် ဆွေးနွေးပါမည်။

## ၂။ အဆင်းသဏ္ဌာန် ပြောင်းလဲခြင်း။ (Transfiguration)

မဿဲ ၁၇း၁–၈။ "– – ယေရှု သည် ပေတရု၊ ယာကုပ်၊ ယာကုပ် ညီ ယောဟန် တို့ကိုခေါ်၍၊ မြင့်လှစွာသော တောင်ပေါ်တွင် ဆိတ်ကွယ်ရာ အရပ်သို့ ဆောင်ကြွတော်မူ၏။ သူတို့ရှေ့၌ ထူးခြားသော အဆင်းအရောင်နှင့် ပြည့်စုံသည် ဖြစ်၍၊ မျက်နှာတော်သည် နေကဲ့သို့ ထွန်းတောက်လျက်၊ အဝတ် တော်သည် အလင်းကဲ့သို့ ဖြူလျက်ရှိ၏။ – မောရှေနှင့် ဧလိယသည် ထင်ရှား၍ ကိုယ်တော်နှင့်အတူ စကားပြောလျက် နေကြ၏။ – – – ထွန်းလင်းသော မိုဃ်းတိမ်သည် ထိုသူတို့ကို လွှမ်းမိုး၍၊ ဤသူသည် ငါ နှစ်သက် မြတ်နိုးရာ၊ ငါ၏ ချစ်သားပေတည်း။ သူ၏ စကားကို နားထောင် ကြလော့ဟု မိုဃ်းတိမ်က အသံတော် ဖြစ်လေ၏။ – – "

အထက်ပါ အဖြစ်အပျက်သည် ဤဝါတွင်း အချိန်တွင် ဖြစ်ခဲ့သည် ဟု တချို့ အသင်းတော်များက ယုံကြည်ကြပါသည်။ မည်သို့ပင် ယုံကြည် သတ်မှတ် စေကာမူ၊ အရေးကြီးသော အချက်အလက်များကို ထိုကျမ်းချက်၌ လေ့လာတွေ့ရှိရပါသည်။

### (က) ဘုရားသခင်နှင့်တွေ့ဆုံခြင်း။ (ရှေ့တော်မှောက်သို့ ရောက်ရှိခြင်း။)

"ထူးခြားသော အဆင်းအရောင်နှင့် ပြည့်စုံသည် ဖြစ်၍၊ မျက်နှာ တော်သည် နေကဲ့သို့ ထွန်းတောက်လျက်၊ အဝတ်တော်သည် အလင်းကဲ့သို့ ဖြူလျက်ရှိ၏။" သခင်ယေရှု၏ ဘုရားဇာတိ အဖြစ်တော်ကို တမန်တော် ပေတရု၊ ယာကုပ်၊ ယောဟန် တို့ အရိပ်အမြွက် **(Foretaste)** ခံစားရခြင်း ဖြစ်ပါသည်။

"ထွန်းလင်းသော မိုဃ်းတိမ်သည် ထိုသူတို့ကို လွှမ်းမိုး၍၊ ဤသူ သည် ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ ချစ်သားပေတည်း။ သူ၏ စကားကို နားထောင်ကြလော့ဟု မိုဃ်းတိမ်က အသံတော် ဖြစ်လေ၏။" မိုဃ်းတိမ်သည် ဘုရားသခင် ကိုယ်တော်တိုင် စကားပြောသည့် အခါ ကျမ်းစာတွင် ဖော်ပြ တတ်ပါသည်။ ထွက် ၂၄း၁၅–၁၆။ ထွက် ၃၃း၉။ ပေတရု၊ ယာကုပ်၊ ယောဟန် တို့ ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ရောက်ရှိခြင်း ဖြစ်ပါသည်။

မောရှေနှင့် ဧလိယ နှစ်ဦးလုံး ဘုရားသခင် ရှေ့တော်မှောက်သို့ ရောက်၍ ဘုရားသခင် နှင့်တွေ့ဆုံ ရကြပါသည်။ အထက်ပါ အပိုဒ်(၁) (ခ)နှင့် (ဂ) တွင် သူတို့နှစ်ဦးစလုံး အရက်လေးဆယ် အစာရှောင် ပြီးနောက် ဘုရားသခင် နှင့်တွေ့ဆုံရကြပါသည်။ မောရှေသည် **ပညတ်တရား** ကို


MIN AUNG THET LWIN Blk 76A #30-02 Red Hill Road SINGAPORE 151076

ပုံဆောင်၍၊ ဧလိယ သည် **ပရောဖက်**၊ တနည်းအားဖြင့် **အနာဂတ္တိကျမ်း** ကို ပုံဆောင်ပါသည်။ သူတို့နှစ်ဦးအားဖြင့် ဘုရားသခင်၏ ကယ်တင်ခြင်းတည်း ဟူသော သားတော် သခင်ယေရှု၌ ပြည့်စုံခြင်း ဖြစ်ကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။

## ၃။ အစာရှောင်ခြင်း၊ သီလ ဆောက်တည်ခြင်း၊

အစာရှောင်ခြင်း၊ တနည်းအားဖြင့် ခြိုးခြံစွာကျင့်ခြင်း၊ မိမိ အင်မတန် စွဲလမ်းနှစ်သက်သော အရာကို ချုပ်တည်းခြင်း၊ မိမိအလိုဆန္ဒများ ထက် သခင်ဘုရား၏ အလိုတော်ကို လိုက်နာခြင်း၊ မိမိအကျိုးထက် သူတပါး အကျိုးကို ကြည့်ခြင်း၊ ပေးဆပ်ခြင်း **(Sacrifice)** ၊ ကိုယ်ရော စိတ်ပါ နှိမ့်ချခြင်း၊ (ဒံ ၉း၃-၄) မိမိအပြစ်များကို မြင်၍ ဝန်ချတောင်းပန်ခြင်း၊ ဘုရားသခင်၏ အမိန့်တော်ကို နားထောင် နာခံခြင်း၊ အလိုတော်ကို ဝန်ခံခြင်း စသည်ဖြင့် အစာရှောင်ခြင်းကို **(litaterally)** အစာ အဟာရကို မသုံးဆောင်ဘဲနေခြင်း တခုလို့ မယူဆဘဲ မိမိကိုယ်ကို ငြင်းပယ်ခြင်း ပင် ဖြစ်ပါသည်။

ဟေရှာယ ၅၈း၅-၁၀။ “ငါနှစ်သက်သော အစာရှောင်ခြင်းသည် – – – မွတ်သိပ်သောသူကို အစာကျွေးခြင်း၊ နေရာမရှိ၊ ဆင်းရဲသောသူတို့ကို ကိုယ်အိမ်သို့ ဆောင်ခြင်း၊ အဝတ် မရှိသောသူကိုမြင်လျှင်၊ အဝတ်ကို ပေးခြင်း၊ ကိုယ်အသားကို မရှောင်ခြင်း (ကိုယ်သွေးသား အရင်း အချာ ကဲ့သို့ လျစ်လျူမရှုခြင်း) – – မွတ်သိပ်သောသူနှင့် ဆင်းရဲ ခံရသောသူ ကို သနားသော စိတ် နှင့် ချမ်းသာပေးလျှင်၊– – ”

ယာကုပ် ၁း၂၆-၂၇။ “– – ခမည်းတော် ဘုရားသခင် ရှေ့၌ စင်ကြယ်သန့်ရှင်းသော သီလ ဟူမူကား၊ မိဘ မရှိသော သူငယ်တို့နှင့် မုတ်ဆိုးမတို့ ဆင်းရဲခံရသောအခါ၊ သူတို့ကို ကြည့်ရှု ပြုစုခြင်း၊ ကိုယ်တိုင် လည်း လောကီ အညစ်အကြေးနှင့် ကင်းစင်အံ့သောငှာ စောင့် ရှောက်ခြင်း ပေတည်း။”

## ၄။ နားထောင်နာခံခြင်း

မဿဲ ၁၇း၅။ “သူ၏ စကားကို နားထောင်ကြလော့ဟု မိုဃ်းတိမ် က အသံတော် ဖြစ်လေ၏။” တမန်တော် ပေတရု၊ ယာကုပ်၊ ယောဟန် တို့ကို ဘုရားသခင် ကိုယ်တော်တိုင် မိန့်မှာတော်မူခြင်း ဖြစ်ပါသည်။ ကျွန်ုပ် တို့ အားလုံးကိုလည်း ဆိုလိုခြင်း ဖြစ်ပါသည်။

မဿဲ ၄း၁-၁၁။ သခင်ယေရှုသည် နားထောင်နာခံခြင်းဖြင့် မာရ်နတ်၏ စုံစမ်းနှောက်ယှက်ခြင်းကို အောင်မြင်ခဲ့ပါသည်။ ကမ္ဘာဦး ၃း၁-၁၃။ အာဒံ နှင့် ဧဝ သည် နားမထောင် နာမခံခြင်းဖြင့် မာရ်နတ်၏ ပရိယာယ်တွင် ကျဆုံးခဲ့ပါသည်။

ကျွန်ုပ်တို့သည်လည်း မိမိသခင် လမ်းပြသကဲ့သို့ နားထောင် နာခံခြင်းဖြင့် မကောင်းသော အရာခပ်သိမ်းကို အောင်မြင်နိုင်ပါသည်။
(ဖိ ၄း၁၃၊ ရောမ ၈း၃၇)

## ၅။ လုပ်ဆောင်ရန် တာဝန်။

မဿဲ ၄း၇။ “ယေရှုသည်လာ၍ သူတို့ကို – – ထကြ၊ မကြောက် ကြနှင့်ဟု မိန့်တော်မူသော် – – ”
သခင် မိန့်တော်မူသည်အတိုင်း ကျွန်ုပ်တို့သည် ထ၍ မကြောက်ဘဲ သခင်၏ အမှုတော်မြတ်၌ ပါဝင် လုပ်ဆောင်ကြပါစို့။

မဿဲ ၂၅း၃၁-၄၆။ “လူသားသည် ဘုန်းအာနုဘော်ကို ဆောင်လျက် – – ငါသည် မွတ်သိပ်သောအခါ သင်တို့သည် ကျွေးကြ၏။ – – ငါအမှန် ဆိုသည်ကား၊ သင်တို့သည် – – အငယ်ဆုံးသော သူတယောက် အား ပြုသမျှတို့ကို ငါ့အား ပြုကြပြီဟု ပြန်၍မိန့်တော်မူလတံ့။ – – ”

မဿဲ ၂၈း၁၉-၂၀။ “သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊ – – ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒ ပေးကြလော့။ – – ”

**အက်ပန်နီ**

# အသက်ရှင်သောဘုရား

ထာဝရဘုရား အသက်ရှင်ကြောင်း ကျွန်မ အနည်းငယ် ဝေမျှ သက်သေခံချင်ပါတယ်။

၂၀၀၄ ခုနှစ် ဧပြီလ ၈ ရက်နေ့မှာ ကျွန်မ ဘဝအတွက် ကြီးမားတဲ့ စုံစမ်း နှောက်ယှက်ခြင်းတစ်ခုကို ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီ စုံစမ်းခြင်းထဲကနေ ဘုရားသခင်ဟာ ကျွန်မကို ကယ်တင်ခဲ့တဲ့အကြောင်းကို ဝေမျှ သက်သေခံချင်ပါတယ်။

ကျွန်မ အလုပ်လုပ်နေတဲ့ အိမ်မှာ အိမ်ရှင်သူဌေးက နောက်ဖေး မီးဖိုချောင်မှာရှိတဲ့ ပန်းကန်စင်နဲ့ ရေဆေးဇလုံ တွေကို အသစ် ပြုပြင်နေတဲ့ အတွက် ကျွန်မတို့ အိမ်မှာ ပန်းရံသမား၊ လက်သမားတွေ လာပြီး အလုပ်လုပ် နေကြပါတယ်။

တစ်နေ့တော့ ကျွန်မဟာ မီးဖိုချောင်ထဲမှာရှိတဲ့ ရေခဲသေတ္တာ ကို တိုက်ချွတ် ဆေးကြော ရှင်းလင်းနေပါတယ်။ အလုပ်သမားတွေကလဲ မီးဖို ချောင် ထဲမှာ အလုပ်လုပ်နေကြပါတယ်။



ကျွန်မ ရေခဲသေတ္တာကို အာရုံစိုက်ပြီး ရှင်းနေတုံးမှာ အလုပ်သမား တစ်ယောက်ဟာ ဖြန်းဆို နောက်ကနေ ကျွန်မကို သိုင်းဖက် လိုက်ပါတယ်။ ရုတ်တရက် ဆိုတော့ ကျွန်မ လန့်သွားတဲ့အပြင် တစ်မိုးလူ တစ်ယောက်က ကျွန်မကို အတင်းပွေ့ဖက်နေမှန်း သိလိုက်တာမို့ ကျွန်မရဲ့ လက်ဖနောင့်၊ ခြေဖနောင့်တွေနဲ့ နောက်ကနေ ဖက်ထားတဲ့လူကို ကန်ကျောက် ရုန်းထွက်ပြီး **“ Out! out! now ”** လို့ အသံ ကျယ်ကျယ်နဲ့ အော်ပစ်လိုက်တော့ အိမ်ရှေ့မှာ ရှိနေတဲ့ ကျွန်မရဲ့ သူဌေး ရောက်လာပြီး ဘာဖြစ်တာလဲလို့ မေးပါ တယ်။

ကျွန်မက အဖြစ်အပျက်အားလုံးကို တိုင်ပြောလိုက်ပါတယ်။ တရားခံ ကတော့ အပြတ် ငြင်းပါတယ်။ သူ ကျွန်မကို နောက်ကနေ အတင်း ဖက်တာ မဟုတ်ဘဲ အလုပ်လုပ်ရင်း မတော်တဆ ဝင်တိုက်မိတာပါလို့ လိမ် ပြောပါတယ်။ ကျွန်မနဲ့ ကျွန်မရဲ့ သူဌေးမကို **“ Sorry ”** လို့ အကြိမ်ကြိမ် တောင်းပန်ပါတယ်။

ဒါပေမဲ့ ကျွန်မရဲ့ သူဌေးမက ဒါ ကလေး ကစားစရာလို “ဆောရီး” လို့ လွယ်လွယ်ပြောလို့ မရဘူး။ ဒီလို အခွင့်အရေး ယူတတ်တဲ့ အချောင်သမားတွေကို ပြတ်ပြတ်သားသား ဆုံးမ ရမယ်။ နင် မှန်မှန်ပြော။ မပြောရင် ရဲ ကို ခေါ်လိုက်မယ်လို့ ခြိမ်းခြောက်လိုက်ပါတယ်။ ဒါပေမဲ့ တရားခံက ဆက်လိမ်တယ်။ နောက်ဆုံးတော့ ကျွန်မရဲ့ သူဌေးမက ရဲကို ခေါ်ပြီး အမှုဖွင့် လိုက်ပါတယ်။

တရားရုံး ရောက်တော့ သူ့ဘက်ကနေ ရှေ့နေ ခေါ်ထားပါတယ်။ ကျွန်မတို့ကလဲ ရှေ့နေ ငှားပါတယ်။ ဒီအမှုမှာ မျက်မြင် သက်သေ မရှိတဲ့ အတွက် တရားခံဟာ အကြောက်အလန့် မရှိဘဲ သူ ကျွန်မကို

မတော်မတရား လုပ်တာ မဟုတ်တဲ့အကြောင်း လိမ်လည်ပြီး ပြောင်ပြင်းခဲ့တာ တရားရုံး ရောက်တဲ့ အထိပါဘဲ။ အံ့သြဖို့ ကောင်းတာက ကျွန်မရဲ့ သူဌေးမဟာ ကျွန်မ ဘက်ကနေ အကောင်းချည်းဘဲ ပြောပြီး ထောက်ခံပေးခဲ့ပါတယ်။ ကျွန်မဟာ သူတို့အိမ်မှာ အလုပ်လုပ်နေတာ ကြာပေမဲ့ ဘာပြဿနာမှ မဖြစ်ခဲ့ကြောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ၊ ရိုးသားကြိုးစားကြောင်း ပြောပြပြီး ကျွန်မရဲ့ အကျင့်စာရိတ္တကို ယုံတဲ့အတွက် ဒီအမှုမှာ မျက်မြင်သက်သေ မရှိပေမဲ့ တရားခံဟာ လူကွယ်ရာမှာ မဖွယ်မရာ ပြုလုပ်ခြင်းဟာ မှန်ကန်ဖို့ ရာနှုန်းပြည့် သေချာကြောင်း တရားသူကြီးကို လျှောက်လဲချက် တင်သွင်းခဲ့ပါတယ်။

နောက်ဆုံးတော့ တရားခံဟာ သူ့အပြစ်ကို သူ ဝန်ခံသွားပါတယ်။ စီရင်ချက် ချတော့ တရားခံဟာ ထောင် ၉လ ကျသွားခဲ့ပါတယ်။ ဒီအမှု နိုင်တဲ့အတွက် ဘုရားသခင်ဟာ အိပ်နေတဲ့ ဘုရား မဟုတ်ဘဲ သူ့ သားသမီး တွေကို စောင့်ရှောက်ကွယ်ကာကြောင်း ကျွန်မက သူဌေးမကို ပြောလိုက်ပါ တယ်။

ဆင်ခြင်ဖို့နဲ့ ဝေဖန်ဖို့ကတော့ စာဖတ်သူ အနေနဲ့ မမျှော်လင့်ဘဲ ဒီလို အမှုမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ရတဲ့အခါ မပြောရဲ ၊ မဆိုရဲဘဲ နှုတ်ဆိတ်နေ သင့်ပါသလား။ နေသင့်တယ်ဆိုရင် ရှိတာတွေ အကုန် ပါသွားမှာပေါ့။ ဒါမှ မဟုတ် ကျွန်မလို တရားရုံး ရောက်တဲ့အထိ ရဲရဲဝံ့ဝံ့ ရင်ဆိုင်မလား။

အိမ်ဖော်တွေ ဆိုပေမဲ့ အကျင့်စာရိတ္တတွေ မတူကြပါဘူး။ ထာဝရဘုရားကို ကြောက်ရွံ့ပြီး ဒုစရိုက်ကို ရှောင်တဲ့ အိမ်ဖော်တွေ၊ အဆင်ပြေ အိုကေ နေတဲ့ အိမ်ဖော်တွေ တစ်ပုံကြီး ရှိနေပါတယ်။ ဒီလို အိမ်ဖော်မျိုးကို လာ ထိ လို့ကတော့ မီးပွင့်သွားမှာပေါ့။

ထာဝရဘုရား အသက်ရှင် တော်မူသည့်အတိုင်း လမ်းညွှန် ပြတတ်တဲ့ သမ္မာကျမ်းထဲက ဗိုလ်ချုပ်မှူးကြီး နေမန်ရဲ့ အိမ်ဖော်မလေးကို သတိရ စေချင်ပါတယ်။ ။

**ရွှေသဇင်**

ခေတ္တ စင်ကာပူ

ooooooooooooooooooooooooooooooooo

## နားခိုခွင့်လေးတော့ပြုပါအမေ



ငါလေ ၊ ဟိုး – လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကပေါ့ ။
အချိန်ကို တန်ဖိုး မထား
နာရီကို မလေးမစား
မိဘကို မထီမဲ့မြင်
ဆရာကို မခန့်လေးစား
ဆန်သာ ကုန်ပြီး ၊ မြေသာ လေး
အမေ့ရဲ့ သောကမျက်ရည်
အဖေ့ရဲ့ ကရုဏာ လက်သီး
ခုတော့လေ အမေရယ် –
ငါလေ "ကျွန်တော်" လို့ ပြောတတ်လာပြီ ။
ရောင်စုံ လူတွေနဲ့လဲ ပေါင်းတတ်လာခဲ့ပြီ ။
အချိန်ကို တန်ဖိုးထားလို့ နာရီတွေ ကြည့်တတ်လာပြီ ။
ဆရာသမားကို သိတတ်သလို
အမေ့ကိုလဲ လွမ်းတတ်လာပြီ
လမင်းရဲ့ အေးမြတဲ့ အလင်းရောင်ကိုလဲ
ကျွန်တော် တမ်းတ တတ်လာပြီ
ဘဝမှာလဲ အတောင်ပံတွေ ညောင်းလို့
အေးမြတဲ့ အမေ့ရဲ့ ရင်ခွင်ထဲ
ကျွန်တော် အရောက်ပျံ(ပြန်) လာခဲ့မယ်နော
နားခိုခွင့် လေးတော့ ပြုပါ အမေ ။ ။

**နောင်တာဆူး**

**oooooooooooooooooooooooo**

## ငြင်းပယ်မှု



ဥယျာဉ်မှာ စံ
ဆူး တွေ ရံထား ၊
လိပ်ပြာ မသန်း
ပိတုန်း မနမ်းတဲ့
မင်းရဲ့ ဘဝ ၊ မင်း အလှ ။

ပွင့်ဖတ်လေးလို နှုတ်ခမ်းလေးနဲ့
ဝတ်မှုန် လို ငုံ
ဝတ်ရည် လို ချို
မျက်နှာထားက
မင်းရဲ့ သဘာဝ ၊ မင်း မာန ။

မင်း အလှကို ထိပ်တန်းမှာ တင်
မင်း နှလုံးသားကို လိုချင်ပေမဲ့

အသစ်က ပြန်စ
ငါ့ အသိက
သခင်ဘုရားရဲ့
ပညတ်ချက် တစ်ခုကြောင့်
နှလုံးသားကို စားပွဲပေါ်တင်
ကလောင်မင်နဲ့ စာကြောင်းဖော်ကာ
ကျေနပ်နေတဲ့ ငါ ။ ။

**မင်းထွန်းသက်လှိုင်**

( သခင်ဘုရားရဲ့ ပညတ်ချက် – ၂ကော ၆း၁၄ မယုံကြည်သောသူတို့နှင့် တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သော ထမ်းပိုးကို မထမ်းကြနှင့်။)

# ကျွန်တော်၏ရင်တွင်းစကား(၁၂)



အညစ်အကြေးကို
မစွန့်သေး သရွေ့တော့
တို့တစ်တွေ ညစ်ထေးနေကြအုံးမှာဘဲ ။

မျက်စိထဲက ထွက်လာတဲ့ မျက်ချေး
နားပေါက်ထဲက ထွက်လာတဲ့ နားဖာချေး
နှာခေါင်းထဲက ထွက်လာတဲ့ နှပ်ချေး
အစာအိမ်ထဲက ထွက်လာတဲ့ အညစ်အကြေး ။

အညစ်အကြေး မှန်ရင် ...
ပိုက်ထွေး ယုယဖို့ မလို
မြတ်နိုးတွယ်တာခွင့် မရှိ
ချစ်ခင် ကြင်နာစရာ မကောင်း
သံယောဇဉ်တွယ် စရာ မလို
ရိုသေလေးမြတ်ရန် မတော်
သိမ်းဆည်းသိုလှောင် ထားဖို့ မလို
ပေါင်းသင်းဆက်ဆံဖို့ မသင့်
ရယူပိုင်ဆိုင်ရန် မအပ်စပ်
အထွတ်အမြတ် ထားရန် မသင့်
ချီးမြှင့်မြှောက်စားရန် မထိုက်
အားကိုးခိုလှုံရန် မကောင်း
စိတ်ရှည် သည်းခံ ခွင့်လွှတ်မှု မပြု ...

ဒါတွေကို သိထားလျက်နဲ့
တို့တတွေ ရင်ထဲက
ဝိညာဉ်ရေးရာ အညစ်အကြေးတွေကို
ပိုက်ထွေးနေသမျှ ကာလပါတ်လုံး
တို့တတွေ ...
ဘုရားအလိုတော်နဲ့
ဝေး နေကြအုံးမှာဘဲလေ ။ ။

**မင်းအောင်သက်လွင်**

0000000000000000000000000000000000000000

(မရယ်ရတဲ့ဟာသ)

# အာမင် - - -

အသင်းတော် တစ်ခုမှာပေါ့ဗျာ။ သဘာပတိက အလှူငွေ ကောက်ခါနီးတိုင်း အလှူငွေ မကောက်ခံခင်မှာ အရင် ဆုတောင်း ဆက်ကပ်လေ့ ရှိပါတယ်။

အဲဒီလို ဆုတောင်းတဲ့ အခါတိုင်းမှာလဲ " ညီအစ်ကို မောင်နှမတို့ အလှူငွေ မထဲ့ခင်မှာ ကိုယ်ထဲ့မဲ့ ငွေကို ပိုက်ဆံအိတ်ထဲက ထုတ်ပြီး လက်မှာ ကိုင်ထားပါ။ အဲဒီငွေကို ဘုရားသခင်ထံမှာ အရင် ဆုတောင်း ဆက်ကပ်ပါမယ် "လို့သတိပေးပြီး " အို – အဘ ဘုရားသခင် သားသမီးတို့ တစ်ဦးစီရဲ့ လက်မှာ ကိုင်ထားသော ငွေကို ကိုယ်တော့်ရဲ့ ဘဏ္ဍာအဖြစ် ပေးလှူပါတယ် လက်ခံတော်မူပါ – – " လို့ ဆုတောင်းလေ့ ရှိပါတယ်။

လူတွေ အားလုံးကလဲ "အာမင်" လို့ ကျေကျေနပ်နပ်ကြီး ဝန်ခံ လိုက်ဆိုကြပါတယ်။

တစ်ခုသော တနင်္ဂနွေနေ့မှာ ထုံးစံအတိုင်း အလှူငွေ မကောက်ခင်မှာ သဘာပတိက အရင်ဦးဆုံး ဆက်ကပ်ဆုတောင်းပါတယ်။

ပရိတ်သတ်တွေကလဲ ထုံးစံအတိုင်း ငွေကို ပိုက်ဆံအိတ်ထဲက ထုတ်ပြီး လက်မှာ ကိုင်ထားကြပါတယ်။

သဘာပတိက –

"အို – အဘ ဘုရားသခင် သားသမီးတို့ တစ်ဦးစီရဲ့ လက်မှာကိုင်ထားသော ငွေမှအပ ပိုက်ဆံအိတ်ထဲက ကျန်သော ငွေတွေအားလုံးကို ကိုယ်တော့်ရဲ့ ဘဏ္ဍာအဖြစ် ပေးလှူပါတယ် လက်ခံတော်မူပါ – " လို့ပြောပြီး၊ ဆုတောင်းလိုက်ပါတယ်။

အဲဒီအချိန်မှာ ခေါင်းငုံ့ ဆုတောင်းနေတဲ့ ပရိတ်သတ် အားလုံးဟာ ကြက်သေ သေသွားပြီး ခန်းမ တစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်သွားပါတယ်။

ခနကြာတော့ "အာမင်" သံအစား၊ နှာမှုတ်သံ ပြင်းပြင်း ကို ကြားလိုက်ရပါတယ်။

**အကော်ခစ်**

0000000000000000000000000000000000000000

# သတိမလစ်နဲ့ ( ဖြစ်ရပ်မှန် )

၂၀၀၅ခုနှစ် အီစတာဆန်းဒေးတုံးက ဘုရားကျောင်းက အပြန်မှာ စီးတီးဟော နားက ပင်နီဇွဲလားကို ဝင်ဖြစ်ပါတယ်။ အသိဆိုင် တစ်ဆိုင်မှာ ဟိုငေး ဒီငေး လုပ်နေတုံး၊ ဆိုင်ထဲကို လူတစ်ယောက် ဝင်လာတာ တွေ့လိုက်ရပါတယ်။ အဲဒီလူက ကျွန်တော့် ငယ်သူငယ်ချင်းရဲ့ ခင်ပွန်း ဖြစ်နေတာမို့ မမြင်တာကြာပြီဖြစ်တဲ့အတွက် ဝမ်းသာအားရနှုတ်ဆက်ရင်း ပဋိသန္ဓာရစကား ပြောဖြစ်သွားပါတယ်။ မြန်မာလူမျိုးပီပီ နေကောင်းလား အလုပ်အဆင်ပြေလား လို့ မေးလိုက်တော့ သူ့မျက်နှာ ပျက်သွားပါတယ်။ ကျွန်တော့ သူငယ်ချင်းဖြစ်တဲ့ သူ့ဇနီး အကြောင်း မေးလိုက်တော့ သူ့မျက်နှာတစ်ခုလုံး မဲသွားပြီး မင်း ငါတို့အကြောင်း တကယ်မသိလို့ မေးတာလား၊ သိလျက်နဲ့ ရွဲ့ပြီး မေးတာလားလို့ ပြန်မေးပါတယ်။ ကျွန်တော်က တကယ် မသိတဲ့ အကြောင်း ပြောမှ သူ့ဇာတ်လမ်းကို ဒီလို ပြောပြပါတယ်။

သူတို့ ဇနီးမောင်နှံ တလောက စင်ကာပူ ကနေ မလေးရှားကို ကိစ္စတစ်ခု အတွက် အတူသွားခဲ့ကြောင်း၊ မလေးရှား ရောက်တော့ လိုအပ်တဲ့ အကူအညီ တစ်ခုကို ဟိုမှာ ရှိနေတဲ့ မြန်မာအိန္ဒိယ နယ်စပ်က လာတဲ့ ရခိုင်ကုလား ပွဲစားကို အကူအညီ တောင်းရာက အဲဒီပွဲစားတွေက သူတို့ရုံးခန်းလို့ ပြောတဲ့ တိုက်ခန်းတစ်ခုကိုခေါ်သွားပြီး အထဲရောက်မှ သူတို့နှစ်ယောက်ကို အုပ်စုလိုက် အနိုင်ကျင့် ပြန်ပေးဆွဲ ဓါးပြတိုက်ခဲ့ကြောင်း၊ ပါသွားတဲ့ ငွေကြေး လက်ဝတ် ရတနာ၊ စင်ကာပူ အလုပ်သမားကဒ်၊ ဟန်းဖုန်း အားလုံးကို ယူပြီး သူတို့ကို ကြိုးတုတ်ပြီး အစောင့်နဲ့ ဖမ်းချုပ်ခဲ့ကြောင်း။ အသက်အန္တရယ် စိုးရိမ်ရတာမို့ သူတို့နှစ်ယောက်ကို တုတ်ထားတဲ့ ကြိုးကို ရအောင် ဖြည်၊ အစောင့်ကို ရိုက်၊ ၃ထပ်တိုက်ပေါ်က ခုန်ချ ထွက်ပြေးခဲ့ရကြောင်း၊ ခုန်ချရာမှာ အကျ မတော်ဘဲ အောက်မှာရပ်ထားတဲ့ ကားခေါင်မိုးစောင်းနဲ့ ရိုက်မိပြီး သူ့နံရိုး ၂ချောင်းကျိုး ၂ချောင်း အက်သွားပြီး သူ့ဇနီး ခါးရိုး ကျိုးသွားကြောင်း မလေးရှား ဆေးရုံမှာ ကုသမှုခံယူပြီး မြန်မာပြည်မှာ ဆေးခွင့်နဲ့ အနားပြန်ယူ တော့မှာ ဖြစ်ကြောင်း ကျွန်တော့်ကို ခရေစေ့တွင်းကျ ပြောပြသွားပါတယ်။

ဆေးရုံတက်စဉ် လာရောက်ဆုတောင်း အားပေးကူညီသွားကြတဲ့ မလေးရှား အသင်းတော်နဲ့ စင်ကာပူ မြန်မာအသင်းတော်က တာဝန်ခံ သင်းအုပ် ဆရာများကို ကျေးဇူးတင်ကြောင်း ပြောပြသွားပါတယ်။ ။

**သားတော်မောင်အလီမှာ**

------------------------------------------------------------

**Min Aung Thet Lwin, Blk76A #30-02, Red Hill Road, S'pore 151076 . ( e-mail; min_atl@yahoo.com.sg )**